# သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့

ရှင်ယောဟန် ၁၄း၁၅-၁၆၊၂၃-၂၆

သန့်ရှင်းသော ဝိညာဉ်တော်ဘုရားအကြောင်းကို ဘာသာသူတွေ မသိကြတာက များပါတယ်။ နေ့စဉ် "သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ဖိတ်ခေါ်ခြင်းမေတ္တာ" လို့ ဆိုနေကြပေမဲ့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားအကြောင်း နားမလည်ကြပါဘူး။ ရှင်ယောဟန် ဧဝံဂေလိကျမ်းစာ အခန်းကြီး ၃ မှာ ယေဇူးဘုရားရှင် မိန့်တော်မူထားတဲ့ ဝိညာဉ်တော်အားဖြင့် အသစ်တစ်ဖန် မွေးဖွားခံစရာလိုတယ်ဆိုတဲ့ကျမ်းပိုဒ်မှ ဆက်ဖတ်ကြည့်မယ်ဆိုရင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားက လေလိုပဲ ဘယ်အရပ်ကလာတယ်၊ ဘယ်အရပ်ကို သွားတယ်ဆိုတာ မမြင်ရပေမဲ့ လေရှိကြောင်းတော့ သိကြပါတယ်။ လေတိုက်တာ ခံစားရတဲ့အခါ၊ လေတိုက်လို့ သစ်ရွက်တွေ လှုပ်ခတ်တာကို မြင်ရတဲ့အခါ လေရှိကြောင်း သိရတာပေါ့။ ဒါကြောင့် လေလိုပဲ ဘယ်အရပ်ကလာတယ်၊ ဘယ်အရပ်ကိုသွားတယ်ဆိုတာ မသိရင်နေ၊ လေတိုက်တာ ခံစားမိဖို့ပဲ လိုတယ်။ ဒီလိုပဲ သန့်ရှင်းသောဝိညာဉ်တော်ဆိုတဲ့ ဘုရားအကြောင်း မသိရင်နေ၊ ဘုရားရိပ်တရားရိပ်ခံစားမိဖို့ပဲ လိုတယ်။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝရင်လည်း သိသာထင်ရှားပါတယ်။ လူတစ်ယောက်ယောက်ဟာ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတဲ့အခါ အဲဒီလူမှာ ဘယ်လို ပြောင်းလဲမှုတွေ တွေ့လာရသလဲဆိုတော့ "ချစ်ခြင်းမေတ္တာရှိလာတယ်။ ဝမ်းမြောက်ရွှင်လန်းနေတယ်။ ငြိမ်းချမ်းသာယာခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တီးနိုင်တာတွေ ဖြစ်လာပါတယ်" (ဂါလာတိ ၅း၂၂)

ရှင်ယောဟန်က သူ့ရဲ့ဆုံးမစာမှာ "ဘုရားသခင်သည် ငါတို့အား မိမိ၏ဝိညာဉ်တော်ကို ပေးသနားတော်မူသောကြောင့် ငါတို့သည် ကိုယ်တော်၌တည်ရှိ၍ ကိုယ်တော်သည်လည်း ငါတို့၌ တည်ရှိတော်မူကြောင်းကို ငါတို့သိကြ၏။" (ရှင်ယောဟန်(ပ) ၄း၁၃) ဘုရားသခင်က သူ့ရဲ့စိတ်ဝိညာဉ်ကို ကျနော်တို့ စိတ်နှလုံးထဲသို့ သွင်းပေးတယ်။ သူ့ရဲ့စိတ်ဝိညာဉ်က ဘယ်လိုစိတ်ဝိညာဉ်လဲ။ ချစ်တတ်တဲ့စိတ်ဝိညာဉ်ပါပဲ။ "ဘုရားသခင်သည် ငါတို့အား ပေးထားသည့်ဝိညာဉ်တော်မြတ်အားဖြင့် မိမိ၏ချစ်ခြင်းမေတ္တာတော်ကို ငါတို့၏စိတ်နှလုံးများအတွင်းသို့ သွန်းလောင်းတော်မူသောကြောင့်ဖြစ်၏။" (ရောမ ၅း၅)

ကျနော်တို့ စိတ်နှလုံးထဲ သွန်းလောင်းပေးတဲ့ ဘုရားရဲ့ချစ်ခြင်းမေတ္တာဟာ ဝိညာဉ်တော်မြတ်ပါပဲ။ ကျနော်တို့ စိတ်နှလုံးထဲ သွန်းလောင်းပေးတဲ့ ဘုရားရဲ့ချစ်ခြင်းမေတ္တာဟာ တကယ့်အကြီးမြတ်ဆုံးကျေးဇူးတော်ပါပဲ။ ဥပမာ - မိဘတွေက သားသမီးတွေကို အပေးနိုင်ဆုံး အကောင်းဆုံးလက်ဆောင်က ဘာလဲ။ ချစ်ခြင်းမေတ္တာပါပဲ မဟုတ်ဘူးလား။ ဘယ်လိုချစ်ရမယ်၊ ဘယ်လိုခွင့်လွှတ်ရမယ်။ ဘယ်လိုကောင်းမြတ်ရမယ် . . စသည်ဖြင့် မိဘကိုယ်တိုင်က တန်ဖိုးထားတဲ့ စိတ်ထားတွေကို သင်ပေးတယ်လေ။ ဒါမှ မိဘတွေ မရှိတော့ရင်တောင်မှ ဒီသားသမီးတွေက ကိုယ့်ဘဝတွေကို ချစ်ခြင်းမေတ္တာနဲ့ လျှောက်လှမ်းနိုင်ကြလို့ စိတ်ချရပြီပေါ့။ ဒီလိုပါပဲ ဘုရားသခင်က သူ့ရဲ့စိတ်ဝိညာဉ် (သို့) သန့်ရှင်းသောဝိညာဉ်တော် (သို့) ချစ်ခြင်းမေတ္တာကို ကျနော်တို့ စိတ်နှလုံးထဲ သွန်းလောင်းပေးပါတယ်။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း တမန်တော်ဝတ္ထု ၂း၄ မှာ "သူတို့အားလုံးသည်လည်း ဝိညာဉ်တော်မြတ်နှင့် ပြည့်ဝကြလျက် . . . " တဲ့။ ဝိညာဉ်တော်မြတ်နှင့် ပြည့်ဝတယ်ဆိုတာ ဘာကိုပြောတာလဲ။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝတာ/ ဘုရား ချစ်တာကို ခံစားရတာကို ပြောတာပါ။ သင့်ရင်ထဲမှာ ချစ်တာကို ခံစားရရင် ပျော်တယ်မဟုတ်ဘူးလား။ ယနေ့ဖတ်ရတဲ့ ပထမကျမ်း တမန်တော်ဝတ္ထုမှာလည်း အခန်းတစ်ခန်းထဲမှာ စုရုံးပြီးဆုတောင်းနေကြတဲ့ တပည့်တော်ကြီးတွေနဲ့ ယုံကြည်သူတွေအပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော်က မီးလျှံပုံသဏ္ဍာန်နဲ့ ဆင်းကြွလာတဲ့အခါ သူတို့အားလုံးက ဝမ်းမြောက်ဝမ်းသာ၊ စိတ်အားတက်ကြွစွာနဲ့ ဘာသာစကားအမျိုးမျိုးကို ပြောဆိုနေကြပါတယ်။ ကြားရတဲ့လူတွေကလည်း ကိုယ့်ဘာသာစကား အသီးသီးနဲ့ ကြားကြရလို့ ပြောကြပါတယ်။

ဝိညာဉ်တော်မြတ်နဲ့ ပြည့်ဝတဲ့အသိုင်းအဝိုင်းက အဲဒီလို ဝမ်းမြောက်ကြတယ်။ ဒီအိမ်၊ ဒီကျောင်း၊ ဒီအသိုင်းအဝိုင်းကို ဝင်လာကြည့်လို့ ဝမ်းမြောက်နေတာတွေ့ရရင် ဝိညာဉ်တော်မြတ်နဲ့ ပြည့်ဝတဲ့အသိုင်းအဝိုင်းဖြစ်တယ်။ ဒီလို မဟုတ်ပဲ အမြဲတမ်း ဝမ်းနည်းနေတာပဲ တွေ့နေရရင်တော့ နတ်ဆိုးအသိုင်းအဝိုင်း ဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးက လူတွေကို သူ့လိုပဲ ဝမ်းနည်းနေစေချင်လို့ပါပဲ။ နတ်ဆိုးက ဘယ်တော့မှ ဝမ်းမြောက်မနေဘူး။

သင်ဟာ သန့်ရှင်းသောဝိညာဉ်တော်မြတ်နဲ့ ပြည့်ဝနေသလား သိချင်ရင် လွယ်လွယ်လေးရယ် - ချစ်တတ်သလား၊ ဝမ်းမြောက်နေသလား၊ ငြိမ်းချမ်းသာယာနေသလား ဆိုတာ ကြည့်ပါ။ သင်ဟာ ချစ်တတ်ရင် ဝမ်းမြောက်မယ်၊ အပြုသဘောဆောင်တဲ့စိတ်ထားရှိမယ်၊ ကြည်နူးနေမယ်ဆိုတာ သေချာတယ်။

ဒါကြောင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားဆိုတာ ဘာလဲ၊ လက်ဆုပ်လက်ကိုင် မရှိတဲ့ လေဟာနယ်ကြီး မဟုတ်ဘူး။ ပုဂ္ဂိုလ်ဖြစ်တယ်၊ ပုဂ္ဂိုလ်ဆိုတာ သိတတ်တယ်၊ ခံစားတတ်တယ်၊ ပေါင်းသင်းဆက်ဆံရေးရှိတယ်။ ဒါကြောင့် အတိုချုပ်ပြောရရင် ချစ်တတ်တယ်၊ ချစ်တတ်အောင်လည်း သင်ပေးတယ်၊ လှုံ့ဆော်ပေးတယ်။ ဒါကြောင့် ကူညီစောင်မမည့်သူ လို့ ခေါ်တာပေါ့။ ချစ်တတ်လို့ ပေါင်းသင်းနိုင်တာ၊ ချစ်တတ်လို့ ဝမ်းမြောက်နိုင်တာပါ။

ယနေ့ဖတ်ရတဲ့ တမန်တော်ဝတ္ထုမှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရား ဆင်းသက်တော်မူတဲ့ အကြောင်းအရာက အပြင်ဘန်း အဖြစ်အပျက် မဟုတ်ဘူး၊ အတွင်းစိတ် ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ဘုရား ချစ်တာကို ကိုယ်တိုင်ကိုယ်ကျ ခံစားရတဲ့အတွေ့အကြုံပါ။ တစ်ချို့ ခရစ်ယာန်တွေက ပြောမှာပေါ့ "ကျနော်တို့ ဆေးကြောခြင်း ခံတုန်းက သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူရရှိပြီးသားပါ" လို့ ။ ဟုတ်ပါတယ်။ ဒါပေမဲ့ သင် ခံယူထားတဲ့ဝိညာဉ်တော်မြတ်ကို သင်က အခွင့်အလမ်းမပေးလို့ သင့်ကို ဝိညာဉ်တော်က လှုံ့ဆော်မပေးရသေးတာပါ။ သင်ခံယူရရှိထားတဲ့ဝိညာဉ်တော်မြတ်ကို သင့်ဘက်က အခွင့်အလမ်း ဖွင့်ပေးမှသာ သင့်ကို ဝိညာဉ်တော်မြတ်က လှုံ့ဆော်အားပေး လမ်းညွှန်နိုင်မှာပေါ့။ အဲဒီအခါ သင်က ဆုတောင်းချင်လာမယ်။ ချစ်ချင်လာမယ်။ ကျမ်းစာဖတ်ချင်လာမယ်။

ယနေ့ဖတ်ရတဲ့ တမန်တော်ဝတ္ထု ၂း၁၃ မှာ "လူတစ်ချို့တို့မူကား ဤသူတို့သည်

စပျစ်ရည်အသစ်ကို သောက်၍ မူးယစ်နေကြသည်ဟု ပြောဆိုကြ၏” တဲ့ ။ ဝိညာဉ်တော်နဲ့ ပြည့်ဝကြတဲ့သူတွေက ဝမ်းမြောက်နေကြတာ၊ ဘာသာစကားအမျိုးမျိုးကို ပြောဆိုနေကြတာတွေ ကြည့်ပြီးတော့ ဘေးကလူတွေက သူတို့ကို အရက်မူးနေတယ်လို့တောင် ထင်မိကြပါတယ်။ ရှင်ပေတရုးက ထပြီးတော့ လူပရိသတ်ကို - အခုမှ မနက် ၉ နာရီပဲရှိသေးတယ်။ ငါတို့ အရက်မူးနေတာ မဟုတ်ဘူးစသည်ဖြင့် ဝိညာဉ်တော်မြတ် ဆင်းကြွလာတဲ့အကြောင်း ၊ သခင်ယေရှု အသေခံခြင်း၊ သေရာမှ ပြန်ရှင်ခြင်း၊ ကောင်းကင်ဘုံသို့ တက်ကြွတော်မူခြင်း၊ မပုပ်မဆွေးနိုင်တဲ့ ရှင်ပြန်ထမြောက်ပြီးကိုယ်ခန္ဓာအကြောင်းတွေကို ရှင်းပြ ဟောပြောလိုက်ပါတယ်။

ဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့သူက ဘုရားချစ်တာကို ခံစားရလွန်းလို့ ပျော်နေတာ၊ တစ်ချိန်လုံး ပြုံးရွှင်နေတာကို ကြည့်တော့ ထင်မှာပဲလေ အရက်မူးနေတယ်လို့ ။ အကယ်၍ ဘုရားက သင့်ကို “ဟေ့ မင်းကို ငါ ချစ်နေတယ်နော်” လို့ အသေအချာ ကြားသိလိုက်ရရင် ခင်ဗျား ဘယ်လိုနေမလဲ။ ခံစားကြည့် ။ ကောင်းကင်ဘုံ ထာဝရအသက်ကလည်း သေချာပေါက်ဖြစ်နေပြီ။ ခင်ဗျား ဘယ်လို ပျော်နေမလဲ တစ်နေကုန်။ တစ်ချိန်လုံး ပြုံးစိစိဖြစ်နေလို့ ခင်ဗျားကို မူးနေတယ်လို့ ထင်ကြမှာ မထူးဆန်းပါဘူး။ ခင်ဗျားက အဲ့လို မပျော်ဖူးသေးလို့ပါ။

ဒါဆို အဲ့လို ပျော်ဖူးချင်လို့ ဝိညာဉ်တော်ဘုရားနဲ့ပြည့်ဝဖို့ ဘာလုပ်ရမလဲ ။ ရှင်းပါတယ်။ ဘုရားကို နာခံပါ။ ဒါပါပဲ။ သင်က နှိမ့်ချမှ နာခံတတ်မှာနော်။ “သူ့ကို နာခံသောသူတို့အား ဘုရားသခင်သည် ဝိညာဉ်တော်မြတ်ကို ပေးတော်မူလိမ့်မည်” (တမန်တော်ဝတ္ထု ၅း၃၂) ယေရှုဘုရားရှင် မိန့်တော်မူတဲ့တရားတွေကို နာခံပါ။ သင်ဟာ သန့်ရှင်းသောဝိညာဉ်တော်မြတ်နဲ့ ပြည့်ဝလာပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။